# ဘုရားအလိုတော်ကျ ရှင်ပြုအလှူတော်

ဗုဒ္ဓဘာသာဝင် အမျိုးသားတိုင်းလိုလို ရှင်သာမဏေပြုဘူးကြပါလိမ့်မည်။ ကိုယ်တိုင်က ရှင်သာမဏေပြုဘူးကြသော်လည်း ရှင်သာမဏေပြုခြင်း၏ အနှစ်သာရကို သိရှိကြသူအလွန်နည်းပါလိမ့်မည်။ ဆရာဘုန်းကြီးက သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ-ဟု တိုင် ဆိုပေး၍သာ လိုက်ဆိုခဲ့ရသည်။ သံသရာကိုလည်း မသိ၊ ဝဋ္ဋဒုက္ခကိုလည်း မိသိပါ။ လူကြီးမိဘ စိတ်ချမ်းသာအောင် ၇-ရက်လောက် အောင့်အီးသည်းခံပြီး ကိုရင်ဝတ်ခဲ့ကြပါသည်။ လူပြန်ထွက် သွားခဲ့ကြသည်။ တရားစာပေကိုလည်းမသင်ယူ။ တရားဘာဝနာကို လည်း မကျင့်ကြံ အားမထုတ်။ ထိုသူများအဖို့ ရှင်ပြုရခြင်း ၏ အနှစ်သာရကို သိရှိနားလည်ဖို့ အလွန်ခဲယင်းပါလိမ့်မည်။

ရှင်သာမဏေပြုတိုင်းလည်း ရှင်သာမဏေမဖြစ်ပါ။ ရှင်သာမဏေပြုရာတွင် ပြည့်စုံရမည့် အင်္ဂါလက္ခဏာပြည့်စုံမှသာ ရှင်သာမဏေ အစစ်ဖြစ်ပါသည်။ ပြည့်စုံရမည့် အင်္ဂါ ရပ်တို့ကား (၁)တရားသင်ရာ ၊ ဆံချရာ၊ ဦးစွာပထမ၊ (၂)ဖန်ရည်တပ်စွန်း၊ မြတ်သင်္ကန်း၊ ဆင်မြန်း ဒုတိယ၊ (၃)သရဏဂုံ ၊ ရွတ်ဆိုပုံ ၊ ပြည့်စုံ တတိယ၊ သရဏဂုံ ၊ ရွတ်ဆိုပုံ ၊ ပြည့်စုံမြတ်သီလ။ မိဘများပင် ၊ ဦးထိပ်တင် ၊ မင်းပင်ရှိခိုးရ။ ဟူသည်နှင့်အညီ (၁) ရှင်သာမဏေ မပြုခင်မှာ မောင်ရှင်လောင်းအား ဆရာဘုန်းကြီးထံ တစ်ပတ်ခန့် အနည်းဆုံးထားပြီး အပ်နှံရမည် သင်္ကန်းတောင်း ၊ သင်္ကန်းကပ် သရဏဂုံဆောက်တည်ပုံ များကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုတတ်စေရန် ကြိုတင်သင်ကြားရမည်။ သို့မှသာ သရဏဂုံ ပီပီသသ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုတတ်ပေမည်။ သရဏဂုံ ရွတ်ဆိုပုံမှာလည်း လူတွေငါးပါးသီလဆောက်တည် သလို ရွတ်ဆို၍မရပါ။ ဗုဒ္ဓံ ဓမ္မံ ရွတ်ဆိုရာတွင် မံ အက္ခရာကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။ သံဃံ နှင့် ဂစ္ဆာမိကို ရွတ်ဆိုရာတွင် ဃံ အက္ခရာနှင့် ဆာ အက္ခရာကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။ ယင်းအက္ခရာတို့သည်ကား အသံပြင်းပြင်း ရွတ်ဆိုရသော ဓနိတ အက္ခရာတို့ဖြစ်သည်။ အသံပြင်းပြင်း ရွတ်ဆိုအပ်သော ဓနိတအက္ခရာများကို အသံပြင်းပြင်းရွတ်ဆိုမှရသည်။ အသံပျော့ပျော့ ရွတ်ဆို၍မရ။ အသံရှည်ရှည် ရွတ်ဆိုအပ်သော ဒီဃအက္ခရာများကို အသံရှည်ရှည် ဆွဲ၍ ရွတ်ဆိုရသည်။ ဤသို့လျှင် ရွတ်ဆိုပုံ နည်းလမ်း ကျကျ သိရှိနားလည်စေရန်၊ တရားတော်များကို အခြေခံအားဖြင့် နားလည်စေရန် ၊ ဆံပင်ရိတ်နေစဉ် တရားဆင်ခြင်နိုင်စေရန် ကြိုတင်သင်ကြားပေးရမည်။

(၁)ဆံပင်များကို ကောင်းမွန်စွာ ရိတ်ပေးကြရမည်။ ဆံပင်ရိတ်နေစဉ် ကမ္မဋ္ဌာန်းတရားကို ပွားများဆင်ခြင်နေရမည်။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော - ဣမသ္မိံ ကာယေ- ဤခန္ဓာကိုယ်၌၊ ကေသာ - ဆံပင်တို့သည်လည်းကောင်း၊ လောမာ - မွေးညင်းတို့သည်လည်းကောင်း၊ နခါ - ခြေသည်းလက်သည်းတို့သည်လည်းကောင်း၊ ဒန္တာ - သွားတို့သည်လည်းကောင်း၊ တစော - အရေထူ အရေပါးတို့သည်လည်းကောင်း၊ အတ္ထိ - ပုဂ္ဂိုလ် သတ္တဝါ ငါသူတစ်ပါး ယောကျ်ား မိန်းမ လားလားမဟုတ် စက်ဆုပ်ဘွယ်ရာ

ထင်ရှားရှိကြပါကုန်သည်တကားဟု ပွားများဆင်ခြင်နေရပါမည်။ ယင်းသို့ ပွားများဆင်ခြင်နိုင်စေရန် ဆံပင်များကို ပိတ်ဖြူဖြင့် ခံပေးရခြင်းဖြစ်သည်။ ဗီဒီယို မှတ်တမ်းတင်မှု လုပစေရန်ပြုလုပ်နေခြင်းမဟုတ်။ ဘုရားရှင် လက်ထက်တော်က ရှင်သာမဏေလောင်းလေး များသည် ထိုတစပဉ္စက ကမ္မဋ္ဌာန်းကို ပွားများဆင်ခြင်ရင်း ရဟန္တာဖြစ်သွားကြဘူးသော သာဓကများရှိခဲ့သည်။

(၂)ဒုတိယ အစီအစဉ် အရာ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ဆင်ပေးရမည်။ ထိုသင်္ကန်း ဝတ်ခြင်း အစီစဉ်များကို ဆရာဘုန်းကြီး၏ အစီအစဉ်အတိုင်း ပြုလုပ်ဆောင်ရွက်ကြရသည်။ သင်္ကန်းကို ဝတ်ရုံလိုက်ရုံနှင့် အသွင်သဏ္ဍာန်ကိုက ကြည်ညိုစရာကောင်းသွား ပါသည်။ ကိလေသာ အညစ်အကြေးကင်းဝေးစင်ကြယ်တော်မူကြကုန်သော ဘုရား ရဟန္တာတို့၏ အသွင်ကိုဆောင်သွားပါတော့သည်။ ဖူးမြင်ရသူ မိဘဆွေမျိုးများ၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေနိုင်ပါသည်။ ဘုရားရှင်၏ အလိုတော်ကျ အရိယာတို့၏ အသွင်ကို က ကြည်လင် အေးချမ်းသော အသွင်ကို ဆောင်နေပါသည်။

(၃)တတိယ အစီအစဉ်အရ ရှင်သာမဏေတို့ ကျင့်သုံးအပ်သော ဆယ်ပါးသီလကို ခံယူဆောက်တည်ကြရပါသည်။ ထိုဆယ်ပါးသီလတွင် သရဏဂုံ ရွတ်ဆိုပုံကို ပီသအောင် ဆရာဘုန်းကြီးက အထပ်ထပ်အခါခါ တိုင်ဆိုပေးကြရပါသည်။ ရှင်သာမဏေလောင်း များကလည်း ပီပီသသ ဆိုတတ်အောင် ကြိုးစားလိုက်ဆိုကြရပါသည်။ သရဏဂုံ ရွတ်ဆိုပုံ ပီပီသသ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုပြီးသည်နှင့် ရှင်သာမဏေ ဖြစ်သွားပါတော့သည်။ ရှင်သာမဏေဖြစ်သွားသည်နှင့် ရှင်သာမဏေတို့ ကျင့်သုံးအပ်သော လိင် (၁၀)ပါး ဒဏ် (၁၀)ပါး ၊ သေခိယ (၇၅)ပါး၊ ခန္ဓကဝတ် (၁၄)ပါး စုစုပေါင်း (၁၀၉)ပါးသော သိက္ခာပုဒ်များ နှင့်ပြည့်စုံ သွားပါသည်။ ဆက်လက်ကျင့်သုံးဖို့ရန်သာ လိုပါသည်။ ထိုသိက္ခာပုဒ်များကို ရှင်သာမဏေဘဝ မရောက်ခင် ရှင်လောင်းဘဝမှာပင် ကြိုတင်သင်ကြားပေးနိုင် လျှင် ပိုကောင်းပါသည်။

သရဏဂုံ ပီသရုံ ပြည့်စုံမြတ်သီလ ဆိုသည့်အတိုင်း သရဏဂုံ ပီသအောင် ရွတ်ဆိုလိုက်ရုံနှင့်ပင် ရှင်သာမဏေတို့၏ သီလသိက္ခာပုဒ်များ အပြည့်အစုံရောက်ရှိလာပါသည်။ မိဘများ၊ ဆွေမျိုးများ ၊ လူမင်းနတ်မင်းများ၏ ရှိခိုးမှု ၊ ပူဇော်မှုကို ခံယူထိုက်သွားပါသည်။ ရတနာသုံးပါး စာရင်းဝင်ဖြစ်သွားပါသည်။ဘုရားအမှူးရှိသော သံဃာတော်များကို ရည်မှန်းပူဇော်သော ပွဲသဘင်ကြီးများတွင် ဘုရားရဟန္တာကြီးများနှင့် အတူတကွ တက်ရောက်ခွင့်၊ အပူဇော်ခံခွင့် ရရှိသွားပါသည်။

ရှင်သာမဏေ ဘဝရောက်ရှိလာသောအခါ ဝတ်ပုံဆင်ပုံ၊ သွားလာပုံ ၊ နေထိုင်ပုံ၊ စားသောက်ပုံက အစ အဆင့်အတန်းမြင့်မြင့် ၊ သိက္ခာရှိရှိ ၊ ကြည်ညိုဖွယ်ဖြစ်စေရန် သေခိယသိက္ခာပုဒ်များအတိုင်း ကျင့်သုံးနေထိုင်ရပါသည်။ သင်္ကန်း ဝတ်ဆင်ရာတွင် သင်းပိုင်ကို ဒူးအောက် လက်လေးသစ်

ညီနေအောင် ဝတ်ဆင်ရသည်။ ကေသီကိုလည်း ယင်းအထက်တွင် ညီနေအောင် ဝတ်ဆင်ရသည်။ မြို့တွင်း ရွာတွင်းကြွသည့်အခါ လည်ပင်းလက်ကောက်တို့ကို လုံခြုံနေအောင် ဝတ်ရုံဆင်မြန်းကြရသည်။ မြို့တွင်းရွာတွင်းသွားလာ နေထိုင်ရာတွင် ဣန္ဒြေရရ သိက္ခာရှိရှိ သွားလာနေထိုင်ရသည်။ သင်္ကန်းကို လှန်၍လည်းကောင်း၊ အသံကျယ်ကျယ် ရယ်မော၍လည်းကောင်း၊ ကိုယ်လက် ဦးခေါင်းများကို လှုပ်၍ လှုပ်၍လည်းကောင်း၊ ခါးထောက် ခေါင်းမြီးခြုံ ၍လည်းကောင်း၊ ခြေဖျားထောက်၍ လည်းကောင်း သွားလာခြင်း၊ နေထိုင်ခြင်းကို မပြုရပါ။ ဆွမ်းဘုဉ်းပေးသောအခါတွင် ပစ္စဝေက္ခဏာဆင်ခြင်၍ ဘုဉ်းပေးကြရသည်။ သပိတ်ကိုသာ အမှတ်သညာပြု၍ သပ်သပ်ရပ်ရပ် သိက္ခာရှိရှိ ဘုဉ်းပေးသုန်းဆောင်ရသည်။ အသံပြတ်ပြတ်မြည်ခြင်း၊ ဟင်းချိုကို သောက်သုံးရာတွင် တစ်ရှူးရှူးမြည်ခြင်း၊ ပေသောလက်ဖြင့် ဖွန်းကိုလည်းကောင်း ၊ ရေခွက်ကိုလည်းကောင်း ကိုင်ခြင်း။ ပလုပ်ပလောင်းဘုဉ်းပေးခြင်း၊ လျှာထုတ် ဘုဉ်းပေးခြင်း၊ လျှာဖြင့် လက်ကိုလျှက်ခြင်း၊ နှုတ်ခမ်းကိုလျှက်ခြင်း၊ ဆွမ်းလုံးများ ပုံ့ကြဲနေခြင်းစသော အဆင့်အတန်းနိမ့်ကျသော သိက္ခာမဲ့သော ဘုဉ်းပေးမှုမျိုး မပြုလုပ်ရပါ။ စာပေပရိယတ်များကို အချိန်ရတိုင်း သင်ကြားလေ့လာရပါသည်။

ထို့ကြောင့်ပင် အရွယ်အားဖြင့် အလွန်ငယ်ကြသောရှင်သာမဏေလေးများကို ပင် လူအများက ချစ်ခင်မြတ်နိုးကြသည်။ သာသနာ့ဘောင်တွင် မပျော်ပိုက်၍ လူထွက်သွားဦးတော့ ကိုကလေးသည် ဘုရားသာသနာတော်၏ အဆုံးအမ ကို ခံယူပြီးဖြစ်သောကြောင့် လူလိမ္မာ လူယဉ်ကျေးလေးများဖြစ်ကြရပါသည်။ ယဉ်ကျေးသိမ်မွေ့သော ပညာရှိ သူတော်ကောင်း အသိုင်းအဝိုင်းတွင် သိက္ခာရှိရှိ ၊ ဣန္ဒြေရရ နေထိုင် တတ်လာသည်။ ရှင်သာမဏေပြုတွင် ထိုသို့ ပီပီပြင်ပြင် ကျကျနန ဆောင်ရွက်ခဲ့မှသာ ရှင်ပြုခြင်း၏ အနှစ်သာ ရကို ပိုင်ပိုင်နိုင်နိုင် ရရှိမည်ဖြစ်ပါသည်။ ဆိုင်း အငြိမ့် ရှင်လောင်းလှည့်ပွဲကြီးများဖြင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြီး သားရတနာများကို သင်္ကန်းစီးရုံသာ အဖြစ်လုပ်ကြသော ရှင်ပြုခြင်းမျိုးကို ရှောင်ကျဉ်လျှက် ဗုဒ္ဓအလိုတော်ကျ ရှင်သာမဏေဘဝ ရောက်ရှိကြစေခြင်းငှါ ရေးသားလိုက်ရပါတော့သတည်း။

အရှင်ဇဝန (ကုန်းဇောင်း)